ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၆ - ၂၀၁၇)

## Village Development Plan (VDP)

## စလော်ခီးကျေးရွာ၊ ဗဟန်းလော့ကျေးရွာအုပ်စု၊ ဖားဆောင်းမြို့နယ်

# မာတိကာ


၁။ ဖားဆောင်းမြို့နယ်မြေပုံ

၂။စလော်ခီးကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။ ဖားဆောင်းမြို့နယ်မြေပုံ



## ၂။ စလော်ခီးကျေးရွာမြေပုံ




### ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု အရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | က | မ | ပေါင်း |
| ၁။ | စလော်ခီး | ၁၆ | ၃၆ | ၃၇ | ၇၃ |
| ၂။ | ဗဟာန်းလော့ | ၂၈ | ၆၁ | ၆၉ | ၁၃၀ |
| ၃။ | ကဗွေးဖိုး | ၃၃ | ၈၆ | ၆၈ | ၁၅၄ |
| ၄။ | ထီးပိုး | ၁၇ | ၄၄ | ၄၂ | ၈၆ |
| ၅။ | ယော်တကာကြီး | ၂၆ | ၇၇ | ၆၀ | ၁၃၇ |
| ၆။ | ကဗွေးဒို | ၉ | ၁၈ | ၁၄ | ၃၂ |
| ၇။ | ဂီလိုထက် | ၁၀ | ၂၀ | ၁၈ | ၃၈ |
| ၈။ | ဂီလိုအောက် | ၁၄ | ၂၅ | ၁၃ | ၃၈ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

စလော်ခီးကျေးရွာသည် ကယားပြည်နယ် ၊ဖားဆောင်းမြို့နယ်၊ ဗဟန်းလော့အုပ်စုတွင် ပါဝင်ပြီး ဖားဆောင်းမြို့၏ အနောက်မြောက်ဘက်တွင် တည်ရှိသော တောင်ပေါ်ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာ၏ မြောက်ဘက်ပိုင်းတွင် စလော်လိုးချောင်း စီးဆင်းလျက်ရှိပါသည်။ သစ်ကြီး၊ ဝါးကြီးများ ထူထပ်စွာ ပေါက်ရောက်သောကြောင့် တောရိုင်းတိရိစ္ဆာန်များ ကျင်လည်ကျက်စားသည့် နေရာတခုဖြစ်ပါသည်။ ကရင်လူမျိုးများနေထိုင်ပြီး ခရစ်ယာန်ဘာသာကို ကိုးကွယ်ယုံကြည်ကြသည်။ တောင်ယာလုပ်ငန်း၊ ဖာလာခြံလုပ်ငန်း၊ အမဲလိုက်ခြင်းနှင့် တနိုင်တပိုင် မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

လမ်းပန်းဆက်သွယ်ရေး အနေဖြင့်ကုန်းလမ်းကိုသာ အဓိက အသုံးပြုသွားလာကြသည်။ မိုးရာသီတွင် သွားလာရ အလွန်ခက်ခဲလှပါသည်။ ဖားဆောင်းမြို့သို့ အလှမ်းဝေးခြင်းကြောင့် ကျန်းမာရေးစောက်ရှောက်မှု နှင့် ပညာသင်ကြားရေးအတွက် ခက်ခဲပါသည်။ ကျေးရွာသည် အိမ်ခြေ ၁၆ လုံးနှင့် လူဦးရေ ၇၃ ဦး နေထိုင်သော ရွာဖြစ်ပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်း အရာ | ရက်စွဲ | ဦးတည် အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၁ | လူမှုရေး အရင်း အမြစ်ပြမြေပုံ | ၁၃.၃.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၁၄ | ၈ | ၂၂ | ကျေးရွာအတွင်းရှိ အိမ်ခြေ များ၊ လက်ရှိ သဘာဝအရင်းအမြစ်များ အား အသုံးချမှု အခြေအနေများ နှင့် သဘာဝဘေး အန္တရာယ်များအား ဖော်ထုတ်ခြင်း။ |
| ၂ | ဥစ္စာဓနကြွယ်ဝမှု အဆင့် သတ်မှတ်ခြင်း | ၁၃.၃.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၁၄ | ၈ | ၂၂ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ပိုင်ဆိုင်မှု စံနှုန်းများသတ်မှတ်ကာ စံနှုန်း အပေါ်အခြေခံပြီး လူနေမှု အဆင့်အတန်း များသတ်မှတ်ခြင်း။ |
| ၃ | ကျား-မရေးရာ ကဏ္ဍ # ၁ ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၁၃.၃.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၁၄ | ၈ | ၂၂ | ကျေးရွာနယ်နမိတ်အတွင်းရှိ သဘာဝ အရင်းအမြစ်များအပေါ် အမျိုးသမီးများ နှင့်အမျိုးသားများ၏ သုံးစွဲမှုနှင့် ထိန်းချုပ် မှုများအား ဖော်ထုတ်ခြင်း |
| ၄ | ကျား-မ ရေးရာ ကဏ္ဍ # ၂ (ပင့်ကူအိမ်) | ၁၃.၃.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၁၄ | ၈ | ၂၂ | အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသော အခွင့်အရေးများအား နှိုင်းယှဉ်ပြီး မှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ပြ ပြက္ခဒိန် | ၁၃.၃.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၁၄ | ၈ | ၂၂ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ရာသီ အလိုက် ဆောင်ရွက်သော လုပ်ငန်းများ၊ ပွဲလန်းသဘင်များ၊ ရိုးရာဓလေ့များ၊ နှင့် အားလပ်မည့် ရာသီများအား ဖော်ထုတ် ခြင်း။ |
| ၆ | အဖွဲ့အစည်းများ ချိတ်ဆက်မှုပြ ဇင်းပုံစံ | ၁၃.၃.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၁၄ | ၈ | ၂၂ | ကျေးရွာအတွင်းနှင့်ပြင်ပရှိ အဖွဲ့အစည်း များ၏ ချိတ်ဆက်မှု၊ ပူးပေါင်းဆောင် ရွက်မှုများ နှင့် အကျိုးဆက်များအား ဖော်ထုတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ





စလော်ခီးကျေးရွာတွင် အိမ်ခြေ (၁၆) အိမ်၊ အိမ်ထောင်စုမှာ (၁၆) ရှိကာ စုစုပေါင်းလူဦးရေမှာ ၇၃ဦးခန့်နေထိုင်ပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် စလော်လိုးချောင်းစီး ဆင်းလျက်ရှိပြီး သစ်တောများနှင့် ဖာလာခြံများလည်းရှိသည်။ ကျေးရွာ၏တောင်ဘက်တွင်လည်း တောင်ယာခင်းများ၊ လယ်မူပယ်ရွာနှင့် စွာပယ်ရွာသို့ သွားသောလမ်းများလည်းရှိပါသည်။ တောင်ယာတွင် စပါးကိုစိုက်ပျိုးသည်။ ဆန်စပါးကိုစားသုံးရန်အတွက် စိုက်ပျိုးပြီး အိမ်တွင်မွေးမြူရေးအနည်းငယ် လုပ်ကိုင်၍ အမျိုးသမီးမှာလည်းတောင်ယာကိုသာ လုပ်ကိုင်စားသောက်ကြပါသည်။ စလော်ခီးကျေးရွာတွင် ကရင်လူမျိုးများနေထိုင်ကြပြီး ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသည်။

အဓိက လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကုန်းလမ်းကို အသုံးပြုကြပါသည်။ မိုးရာသီတွင် လမ်းများမှာမြေသားလမ်းဖြစ်သည့်တွက်ကြောင့် လမ်းများပျက်စီးသဖြင့် သွားလာရခက်ခဲပါသည်။စလော်လိုးချောင်းမှာ လည်းမိုးရာသီတွင် ရေကြီးသောကြောင့်တံတားပေါ်သို့ ဖြတ်ကျော်ရန်အလွန်ပင် ခက်ခဲပါသည်။ ရွာချင်းဆက်လမ်းမှာ မြေသားလမ်းသာရှိသည့် အတွက်ကြောင့် ပညာရေးပိုင်းနှင့် ကျန်းမာရေးပိုင်းတွင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလျက်ရှိပါသည်။

ကျေးရွာအများပိုင် အဆောက်အဦးများမှာ နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ ခန်းမဆောင်၊ RDAအဖွဲ့မှပြုလုပ်ပေးသော မျိုးစေ့ဘဏ်များလည်း ရှိပါသည်။ ကျေးရွာပိုင် ဘောလီဘောကွင်းလည်း ရှိပါသည်။ ပညာရေးတွင် အစိုးရမှဖွင့်လှစ်ပေးသော စာသင်ကျောင်းမရှိသည့် အတွက်ကြောင့် ပညာတတ်မြောက်မှု နည်းပါးပါသည်။ မိုးရာသီတွင် သွားလာရခက်ခဲသောကြောင့် အရေးပေါ် ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာချိန်တွင် မြို့ပေါ်သို့သွားရောက် ဆေးကုသမှုခံယူရန် အလွန်ပင် ခက်ခဲလှပါသည်။


## (ခ) ဥစ္စာဓနကြွယ်ဝမှု အဆင့်သုံးသပ်ခြင်း




ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ရာတွင် စလော်ခီးကျေးရွာသည် အဆင့်(၂)ဆင့် သတ်မှတ်ထားပြီး ပထမအဆင့်တွင် အဆင်ပြေ၊ ဒုတိယအဆင့်တွင် အဆင်မပြေအဆင့်ဟူ၍ သတ်မှတ်ထားပါသည်။ ဖာလာခြံ၊ တောင်ယာ၊ ဆိုင်ကယ်၊ ဝါးထရံအိမ်၊ ဆိတ်၊ ဝက်၊ကြက်ပိုင်ဆိုင်သော မိသားစုအား အဆင်ပြေသော မိသားစုဟုသတ်မှတ်ပြီး ဖာလာခြံငယ်၊ ဝါးထရံအိမ်၊ဝက်၊ ကြက်ပိုင်ဆိုင်သောမိသားစုအား အဆင်မပြေသော မိသားစုဟူ၍ သတ်မှတ်ကြပါသည်။

စလော်ခီးကျေးရွာရှိ အဆင်ပြေသောအဆင့်မှာ အိမ်ထောင်စု(၉)အိမ်ခန့်(၆၀%)ရှိပြီး အဆင်မပြေသော အဆင့်မှာ အိမ်ထောင်စုမှာ (၆)အိမ်ခန့်(၄၀%)ရှိပါသည်။ ယင်းကျေးရွာတွင် အဆင်မပြေသောမိသားစုများသည် အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်းနှင့် ပညာတတ်မြောက်မှု မရှိခြင်းကြောင့် ဖြစ်ပါသည်။


### (ဂ) ကျား-မရေးရာ ကဏ္ဍ # ၁ (ပိုင်ဆိုင်မှု သုံးသပ်ခြင်း)





စလော်ခီးကျေးရွာရှိ သဘာဝသယံဇာတ အရင်းအမြစ်များ သုံးစွဲမှုတွင် အမျိုးသားများနှင့် အမျိုးသမီးများ၏ သုံးစွဲမှုမတူပါ။ အမျိုးသားများအနေဖြင့် ကျောက်၊ သဲ၊ ဘောလီဘောကွင်း၊ လယ်၊ သစ်ခုတ်ခြင်းစသည်တို့ကို သုံးစွဲကြပါသည်။ အမျိုးသမီးများ အနေဖြင့် ယက်ကန်းလုပ်ငန်း၊ ဈေးဆိုင်စသည့်တို့ကိုသာ သုံးစွဲနေပါသည်။ ရေကန်၊ ဘုရားကျောင်း၊ ဝါး၊ တောင်ယာ၊ ဖာလာခြံ၊ တောင်ကျရေ စသည်တို့ကို အမျိုးသားများနှင့် အမျိုးသမီးများပါ ပိုင်ဆိုင်သုံးစွဲကြပါသည်။ အထူးသဖြင့် အမျိုးသမီးများအသုံးပြုသော အရင်းအမြစ်များမှာ မွေးမြူရေးနှင့်အိမ်တွင်းလုပ်ငန်းများသာဖြစ်နေသည်။ ယင်းအရင်းအမြစ်များ ထိန်းချုပ်မှုနှင့် အသုံးပြုနိုင်ရန် ဆုံးဖြတ်ချက်ချရာတွင် အမျိုးသားများကသာ ဦးဆောင်နေပါသည်။

**(ဃ) ကျား-မအခန်းကဏ္ဍ # ၂ (ပင့်ကူအိမ်ပုံစံ)**



စလော်ခီး ကျေးရွာတွင် အမျိုးသမီးအများစုသည် အိမ်မှုကိစ္စတွင် အချိန်ပေးနေရသည့်အတွက် အဖွဲ့အစည်းများတွင် ပါဝင်ဦးဆောင်ခွင့် နှင့် ဝင်ငွေရရှိမှု အားနည်းသည့်အပြင် လုပ်အားခလည်း တန်းတူမရပါ။ အမျိုးသမီးများအနေဖြင့် အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နေသော်လည်း ဦးဆောင်သူ၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိသူများမှာ အမျိုးသားများသာဖြစ်ပါသည်။ ထို့အပြင် အမျိုးသမီးများကိုယ်တိုင်လည်း မိရိုးဖလာထုံးတမ်း အစဉ်လာ၏ လွှမ်းမိုးမှုကြောင့် ကိုယ်ပိုင် စွမ်းဆောင်ရည်များ ထုတ်သုံးရန် ယုံကြည်မှုမရှိကြပါ။ ဒေသခံ အဖွဲ့အစည်းများရှိနေခြင်း၊ နယ်မြေဒေသ တည်ငြိမ်မှု အားနည်းသောကြောင့် အမျိုးသမီးများ အတွက် လုံခြုံစိတ်ချမှု နည်းပါးနေခြင်း ဖြစ်ပါသည်။ စာတတ်မြောက်မှုတွင် တူညီနေရခြင်းမှာ နယ်မြေအေးချမ်းမှု မရှိခြင်းကြောင့် ကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးအားလုံး ပညာသင်ကြားခွင့် မရခြင်းတို့ကြောင့် ဖြစ်ပါသည်။ အမွေဆက်ခံပိုင်ခွင့် အနေဖြင့် တူညီနေခြင်းသည် အစဉ်အလာအရ ခွဲခြားမှု မရှိခြင်း၊ ကျေးရွာနှင့် လူမျိုးဓလေ့များ မရှိခြင်းကြောင့် ဖြစ်ပါသည်။ သုံးသပ်ချက်ကို ခြုံငုံကြည့်လျှင် အမျိုးသမီး၊ အမျိုးသား ကဏ္ဍအသီးသီးတွင် ကွာခြားနေရခြင်းမှာ နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိခြင်း၊ တောတောင်ရေမြေ သဘာဝအရ ရှိနေသည့် အရင်းအမြစ်များအား လက်လှမ်းမှီ သုံးစွဲနိုင်ခွင့် မရခြင်း၊ မိရိုးဖလာ ဓလေ့ထုံးတမ်းများအရ ခွဲခြားဆက်ဆံ မှုများ ရှိနေခြင်း စသည့် အချက်များကြောင့် ဖြစ်ပါသည်။

## ( င) ရာသီခွင်ပြဇယား




စလော်ဗီးကျေးရွာ၏ အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ တောင်ယာလုပ်ငန်း လုပ်ကိုင်ကြပါသည်။ တောင်ယာစပါးကို ဇွန်၊ ဇူလိုင် ၊ဩဂုတ်၊စက်တင်ဘာလတွင် တောင်ယာခုတ်၍ မေလတွင်စတင်စိုက်ပျိုးကြပြီး အောက်တိုဘာလနှင့် ဒီဇင်ဘာလတွင် စပါးရိတ်သိမ်းကြပါသည်။ စပါးကိုအနည်းငယ်သာ စိုက်ပျိုးခြင်းကြောင့် စားသုံးရန်မလုံလောက်၍ ဆန်ကို ဖားဆောင်းမြို့ပေါ်သို့ သွားရောက်ဝယ်ကြရပါသည်။ အဓိက အသက်မွေးဝမ်းကြောင်းအဖြစ် ဖာလာလုပ်ငန်းကို လုပ်ကိုင်ကြပြီး ဖာလာလုပ်ကိုင်သည့်လမှာ ဇွန်၊ ဇူလိုင်၊ အောက်တိုဘာနှင့် နိုဝင်ဘာလတွင် လုပ်ကိုင်ကြပါသည်။ ဖာလာ ခူးသောအချိန်မှာ နိုဝင်ဘာလဖြစ်၍ ဝင်ငွေရရှိလမှာ တစ်လသာရှိပါသည်။ ဒီဇင်ဘာလတွင် ထွက်ငွေအများဆုံးလဖြစ်ပြီး ကျန်သောလများမှာ ထွက်ငွေအနည်းသာရှိသည်။ အမျိုးသမီးများမှာလည်း ဖာလာကိုသာစိုက်ပျိုးလုပ်ကိုင်ကြပါသည်။

စလော်ဗီးကျေးရွာ ရှိမိသားစုများသည် ခရစ်ယာန်ဘာသာကို ကိုးကွယ်ယုံကြည်ကြပါသည်။ ပွဲတော်ကျင်းပသောလများမှာ ဒီဇင်ဘာလနှင့် ဇန်နဝါရီလတွင် ကျင်းပပြုလုပ်ကြသည်။ ဒီဇင်ဘာလတွင် ခရစ်စမတ်ပွဲတော် ကျင်းပပြုလုပ်ကြပြီး ဇန်နဝါရီလတွင် ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပပြုလုပ်ကြသည်။

ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလတွင် ဖျားနာခြင်း နာစေး၊ ချောင်းဆိုးခြင်းများ ဖြစ်တတ်ပါသည်။ အလုပ်အကိုင်ရှားပါးပြီး အားလပ်သောလများမှာ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်နှင့် ဒီဇင်ဘာလတို့ ဖြစ်ကြပါသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မိုးရာသီတွင် သွားလာရန် အလွန်ခက်ခဲပါသည်။


## (စ) အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်ချက်နှင့် ဗင်းကားချပ်





စလော်ခီး ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ သာရေး ၊နာရေးစသော ရပ်ရေးရွာရေး ကိစ္စရပ်များအတွက် ကျေးရွာလူထုများမှ ဖွဲ့စည်းထားသောအဖွဲ့များနှင့် ကျေးရွာပြင်ပမှ လာရောက်လုပ်ဆောင်သော အဖွဲ့ပေါင်း (၆)ဖွဲ့ ရှိပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှုးအဖွဲ့၊ ဘာသာရေး သာရေး၊ နာရေးအဖွဲ့များမှာ ကျေးရွာလူထုများကိုယ်တိုင် ဖွဲ့စည်းထားသောအဖွဲ့များဖြစ်ပြီး ရပ်ရေးရွာရေး

အတွက် အဖွဲ့များအချင်းချင်းချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ KNPPအဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် RDAအဖွဲ့များသည် ကျေးရွာပြင်ပမှ အဖွဲ့အစည်းများ ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှုးအဖွဲ့များနှင့် ဆွေးနွေးတိုင်ပင်ခြင်း ကျေးရွာလူထုနှင့် ဆွေးနွေးတိုင်ပင်ခြင်း စသည့်နည်းလမ်းများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသည်။



### (ဆ) အခက်အခဲများနှင့်ပြဿနာများ






စလော်ခီးကျေးရွာတွင် ကြုံတွေ့နေရသော အခက်ခဲပြဿနာများမှာ လမ်းများမှာ မြေသားလမ်းဖြစ်သည့်အတွက်ကြောင့် မိုးရာသီတွင် သွားလာရခက်ခဲသော အခက်ခဲပြဿနာများ၊ ပညာရေးတွင်အစိုးရမှတရားဝင်အသိအမှတ်ပြု စာသင်ကျောင်းမရှိသည့် အခက်ခဲပြဿနာများ၊ ကျန်းမာရေးအတွက်ဆေးပေးခန်းမရှိသော အခက်ခဲပြဿနာများ၊ လျှပ်စစ်မီးမရရှိခြင်းကြောင့် ညတွင်သွားလာရန်ခက်ခဲသောအခက်ခဲပြဿနာများ၊ ရွာတွင်းရေလုံလောက်စွာ မရရှိသော အခက်ခဲပြဿနာများ၊ မူကြိုကျောင်းမရှိသည့်အတွက်ကြောင့် ကလေးများကျောင်းတက်ရန် ခက်ခဲသော အခက်ခဲပြဿနာများ၊ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်းကြောင့် စားဝတ်နေရေး အဆင်မပြေသော အခက်ခဲပြဿာနာများနှင့် ကျေးရွာသောက်သုံးရေ သုံးစွဲသည့်ရေကန်မှာ ခြံစည်းရိုးမရှိသော အခက်ခဲများနှင့် ရင်ဆိုင် တွေ့ကြုံနေရပါသည်။

### (၈) မျှော်မှန်းချက်

စလော်ခ်ီးကျေးရွာသည် ကျေးရွာဖွံ့ဖြိုးလာစေရန်အတွက် မျှော်မှန်းထားချက်မှာ လမ်းပမ်း ဆက်သွယ်ရေး ကောင်းမွန်လာစေရန်၊ အစိုးမှဖွင့်လစ်ပေးသော စာသင်ကျောင်းများရှိလာစေရန်၊ ဆေးပေးခန်းများရှိလာစေရန်၊ လျှပ်စစ်မီးများရရှိလာစေရန်၊ ရေလုံလောက်စွာရရှိလာစေရန်၊ မူကြိုကျောင်း ရှိလာစေရန်နှင် ့ရေကာန်ခြံစည်းရိုး ရရှိလာစေရန်မျှော်မှန်း ထားပါသည်။

### (ဈ) ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ခြင်း




စလော်ခီးကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးရွေးချယ်သော လုပ်ငန်းများမှာ ကျေးရွာရှိလက်ရှိ ကလေးများ ပညာသင်နေသော ကျောင်းမှာ အဆင်မပြေတော့သည့် အတွက် မူကြိုကျောင်းကို ပြုပြင်တိုးချဲ့ပေးရန်အတွက်ကို တက်ရောက်လာသော အမျိုးသားရော၊ အမျိုးသမီးများကပါ မဲပေးရွေးချယ်ခဲ့ပါသည်။ ကျေးရွာရှိ သစ်သားတတားအား ပြုပြင်ရန်မှာ မိုးရာသီတွင် သွားလာရခက်ခဲသည့်အတွက် ဒုတိယဦးစားပေးအဖြစ် ရွေးချယ်ခဲ့ကြပါသည်။ နွေရာသီတွင် သောက်သုံးရေ အခက်အခဲရှိသည့်အတွက် ရေလှောင်ကန်အသစ်တစ်ခု တည်ဆောက်ရန်ဖြစ်ပါသည်။ အကြောင်းမှာ ကျေးရွာတွင် နွေအခါတွင် သောက်သုံးရေရရှိရန် အတွက် အလွန်ခက်ခဲနေသောကြောင့် ဖြစ်ပါသည်။ ကျေးရွာချင်းဆက်လမ်းသည် မိုးရာသီတွင် သွားလာရန် ခက်ခဲနေပါသည်။ နွေအခါတွင်သာ သွားလာရ အစဉ်ပြေသော်လည်း မိုးရာသီတွင် ဆိုင်ကယ်ဖြင့် လုံးဝသွားလာ၍ မရပါ။ လက်ရှိသွားနေသော ရွာချင်းဆက်လမ်းမှာ မကောင်းသည့် အတွက် ရွာချင်းဆက်လမ်းပြုပြင်တိုးချဲ့ပေးရန်၊ ဆိုင်ကယ်သွားရန် လမ်းဖောက်လုပ်ခြင်းဖြစ်ပါသည်။ ကျမ္မာရေးအတွက် ဝန်ဆောင်မှုကောင်းစွာရရှိနိုင်ရန် ကျေးရွာတွင် ဆေးပေးခန်းအသစ်တစ်ဆောင် ဆောက်လုပ်ပေးရန်လည်း မဲပေးရွေးချယ်ခဲ့ပါသည်။

## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ



### ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး(ကျေးရွာအဆင့်) | ရာထူး(အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဦးစောစေ | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | အုပ်စုစီထောက်- ဥက္ကဌ |
| ၂ | နော်အားဘလူးစေး | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | အုပ်စုဘဏ္ဍာရေးဆပ်ကော်မတီ |
| ၃ | ဒေါ်နော်ဟဲခူဖော | ငွေစာရင်းကိုင် | |
| ၄ | ဦးစောနူနူ | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၅ | ဒေါ်ဖောနော်ကူး | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၆ | ဦးစောဘားလာ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၇ | ဒေါ်နော်ဒူးဒူးဖော | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၈ | ဦးရွှေဦး | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၉ | ဒေါ်နော်ဖျားလေဖော | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၁၀ | ဦးစောဦးဖိုး | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး ကော်မတီ | |
| ၁၁ | ဒေါ်နော်ခရစ်စလေဖော | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး ကော်မတီ | |
| ၁၂ | ဦးစောတီးဖိုး | စေတနာ့ဝန်ထမ်း | |
| ၁၃ | ဒေါ်နော်သော်လွဲ | စေတနာ့ဝန်ထမ်း | |

## ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

**လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် အမည် ဦး စောဘော ဒိုလူး | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
| ပြည်နယ်/တိုင်းဒေသကြီး ကယား | မြို့နယ် ဖားဆောင်း | ကျေးရွာအုပ်စု ဗဟန်းလော့ | ကျေးရွာ ဓလော်ဒိုး |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ----ကရင် | ၁၆ | ဘာသာ (၁) ----ခရစ်ယာန် | ၁၆ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၅ | ခရစ်ယာန် | ၅ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)----ကရင် | ၃၆ | ၃၇ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၅ | ၁ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　　ကတ္တရာလမ်း　　ကွန်ကရစ်လမ်း
မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း　　မြေသားလမ်း　　လူသွားလမ်း　　အခြား

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား?　　ဝိုင်းပါ　ရှိပါသည်/မရှိပါ/မသိပါ

## ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)

### ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

**လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - [illegible]

နေ့စွဲ - 14.3.2017

စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄)

| ပြည်နယ်/တိုင်း - ကယား | မြို့နယ် - [illegible] | ကျေးရွာအုပ်စု - [illegible] | ကျေးရွာ - [illegible] |
|---|---|---|---|

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 13.3.2017 | 13.3.2017 | 14 | 8 | 18 | 22 / ကရင် |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 14.3.2017 | 14.3.2017 | 14 | 8 | 18 | 22 / ကရင် |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 17.3.2017 | 17.3.2017 | 19 | 8 | 27 | 27 / ကရင် |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 7.4.2017 | 7.4.2017 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 9.5.2017 | 9.5.2017 | 10 | 9 | 19 | 19 / ကရင် |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း | 10.5.2017 | 10.5.2017 | 4 | 5 | 9 | 9 / ကရင် |

| အစည်းအဝေး | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 10.5.2017 | 10.5.2017 | 4 | 5 | 9 | 9 | ကရင် |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 10.5.2017 | 10.5.2017 | 4 | 5 | 9 | 9 | ကရင် |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 10.5.2017 | 10.5.2017 | 4 | 5 | 9 | 9 | ကရင် |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 10.5.2017 | 10.5.2017 | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

**လမ်းညွှန်ချက်။** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသ
လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible]

နေ့စွဲ ၁၄.၂.၂၀၁၇

စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄)


| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | မိုးတွင်းတွင်လမ်းမကောင်းသောကြောင့်သွားလာရခက်ခဲ | ၁ | မိုးရာသီတွင်သွားလာရခက်ခဲ |
| ၂ | ပညာရေးတွင်ကျောင်းမရှိသောကြောင့်ကလေးများကျောင်းနေရန်ခက်ခဲ | ၂ | စာသင်ကျောင်းမရှိသောကြောင့်ကလေးများစာသင်ရာတွင်ခက်ခဲ |
| ၃ | ဆေးပေးခန်းမရှိသောကြောင့်ကျန်းမာရေးပြဿနာဖြစ်ရာတွင်ခက်ခဲ | ၃ | ကျန်းမာရေးအတွက်ဆေးပေးခန်းမရှိသောကြောင့်ကျန်းမာရေးအတွက်ခက်ခဲ |
| ၄ | မီးမရှိသောကြောင့် ညရေးညတာ သွားလာရခက်ခဲ | ၄ | လျှပ်စစ်မီးမရှိသောကြောင့်ညအချိန်တွင်တစ်အိမ်နှင့်တစ်အိမ်သွားလာရန်ခက်ခဲ |
| ၅ | ရေလုံလောက်မှုမရှိသည့်အတွက်ကြောင့်ခက်ခဲ | ၅ | မူကြိုကျောင်းနေရာမရှိ၍ကလေးများစာသင်ရန်ခက်ခဲ |
| ၆ | စားဝတ်နေရေးတွင်ရာသီဥတုဖောက်မှုကြောင့်ငွေနည်းပါးသည့်အတွက်ခက်ခဲ | ၆ | ရေကန်ရှိပြီး ဖြန့်ဝေသည့်ပိုက်မရှိသောကြောင့်ခက်ခဲ |
| | | | |
| | | | |
| | | | |
| | | | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန် | ၁ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန် |
| ၂ | စာသင်ကျောင်းရရှိလာစေရန် | ၂ | စာသင်ကျောင်းရှိလာစေရန် |
| ၃ | ဆေးပေးခန်းများရှိလာစေရန် | ၃ | ဆေးပေးခန်းများရှိလာစေရန် |
| ၄ | လျှပ်စစ်မီးရရှိလာစေရန် | ၄ | မူကြိုကျောင်းရှိလာစေရန် |
| ၅ | ရေလုံလောက်မှုရှိလာစေရန် | ၅ | လျှပ်စစ်မီးရရှိလာစေရန် |
| ၆ | မူကြိုကျောင်းရှိလာစေရန် | ၆ | ရေကန်ဖြန့်ဝေသည့်ပိုက်ရှိလာစေရန် |



ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မူကြိုကျောင်း ပြုပြင်တိုးချဲ့ခြင်း | (က+မ) | ၆၀ | ၇၃ |
| ၂ | ရွာချင်း ဆက်လမ်း ပြုပြင်တိုးချဲ့ခြင်း | (က+မ) | | ၇၃ |
| ၃ | ရေမြောင်း ကန်တာ တည်ဆောက်ခြင်း | (က) | | ၇၃ |
| ၄ | ဆိုင်ကယ် ဖောက်လုပ်ခြင်း | (က+မ) | | ၇၃ |
| ၅ | ရေကန်ကြီး တူးဖော်ပြုပြင်တိုးချဲ့ခြင်း | (က+မ) | | ၇၃ |
| ၆ | [illegible] တည်ဆောက်ခြင်း | (က+မ) | | ၇၃ |
| | | | | |
| | | | | |
| | | | | |
| | | | | |


ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မတီမှ အတည်ပြုသည်။

အမည် ဦး[illegible] လက်မှတ် 60 နေ့စွဲ 14.3.2017

### ၁၁။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)



## ၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)

| | |
|---|---|
| အစည်းအဝေးခေါင်းစဉ် | - ပထမအကြိမ်အစည်းအဝေး |
| ကျေးရွာအုပ်စု | - ဗဟန်းဟော |
| တက်ရောက်လာသည့်ကျေးရွာ | - စလော်ဒီး၊ ကီလို ထက်/အောက်၊ ရယ်မှုယ် |
| ပြုလုပ်သည့်နေရာ | - စလော်ဒီး |
| တက်ရောက်သူဦးရေ | - ၈+၆ = ၁၄+၈ = ၂၂ |
| ရက်စွဲ | - ၁၃.၃.၂၀၁၇ |

| အချိန် | ဆွေးနွေးသူ | အကြောင်းအရာ |
|---|---|---|
| ၂:၀၀ (နေ့လယ်) | ဦးဆောဘောနိုထူး | ကျေးရွာအုပ်ချုပ်ရေးမှူး မှ အဖွင့်မှာစကား ပြောကြားပါသည်၊ "ကျွန်တော်တို့ရွာကို ရောက်ရှိလာ အဖွဲ့ နာမည်မှာ လူထုဗဟိုပြု စီမံကိန်း အဖွဲ့ဖြစ်ပါတယ်။ ကျေးရွာ ဖွံ့ဖြိုးတိုးတက် အောင် လာရောက်ပြီး ဆောင်ရွက်ခြင်း ဖြစ်ပါတယ်၊ စီမံကိန်း (၄) နှစ် စီမံကိန်းဖြစ်သည့်အတွက် ဗဟန်းဟော အုပ်စု ရှိ ကျေးရွာ ဖာရွာကို အလှည့်ကျ ခွဲမည်ဖြစ်သည်" ဟု လူထုဗဟိုပြု စီမံကိန်း၏ ရည်ရွယ်အနည်းငယ် ပြောကြားပါသည်။ |
| ၂:၁၅ | ဖြည့်ဖြိုးအောင် (TF) | 'လူထုဗဟိုပြုစီမံကိန်း' ၏ အဓိပ္ပါယ် နှင့်ရည်ရွယ်ချက်များ ကိုကျေးရွာလူထုများ သဘောပေါက်နားလည် စေရန် flip chart ပေါ်တွင် စိတ်ဝင်စားမှုရှိလာစေရန် ရှင်းပြသည်။ |
| ၂:၃၀ | ဖြည့်ဖြိုးအောင် (TF) | 'လူထုဗဟိုပြုစီမံကိန်း' မှ (၁) နှစ်အတွင်း လုပ်ဆောင်ရမည့် အကြောင်းအရာများကို စီမံကိန်း စက်ဝန်း အဝိုင်း အဆိုင်း(၆)ဆိုင်း ခွဲထားပြီ အဆင့် (၁၄) ဆင့်ဖြင့်သွားမည် ဟု ရှင်းပြသွားပါသည်။ |
| ၂:၅၀ | နန်းခါနည်ဝေး (CF) | 'လူထုဗဟိုပြုစီမံကိန်း' မှ ကော်မတီ ဖွဲ့စည်းမည် ဖြစ်၍ ကျေးရွာကော်မတီအဖွဲ့ မှတဆင့် အုပ်ကော်မတီအဖွဲ့ များဆက်လက်၍ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ကော်မတီဝင်များ လုပ်ဆောင်ရမည့် တာဝန်နှင့် ဝတ္တရားများလည်း ရှင်းပြသွားပါသည်။ |

| အချိန် | ဆွေးနွေးသူ | အကြောင်းအရာ |
|---|---|---|
| ၃:၁၀ | ပြည့်ဖြိုးအောင် | ကျေးရွာစေတနာ့ဝန်ထမ်းများကို မဲပေးစနစ်ဖြင့်ရွေးချယ်ပါသည်။ မဲပေးစနစ်ဖြင့်ရွေးချယ်ခဲ့ရာတွင် ကျေးရွာ၏ မဲအများဆုံးရရှိခဲ့သူများမှာ (က) ဦးဇော်မိုးဖိုး နှင့် (ခ) နော်တော်လွဲ တို့ မှ စေတနာ့ဝန်ထမ်းရွေးချယ်ရာတွင် မဲအများဆုံးရွေးချယ်ရရှိပါသည်။ |
| ၃:၃၀ | ပြည့်ဖြိုးအောင် | ကျေးရွာ၏ 'လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံကို' ကျေးရွာသူ/သား တချို့နှင့် ကျေးရွာ၏မြေပုံကို ဆွဲပါသည်။ |
| | နှင်းဆာနွယ်ဝေ | ကျန်ရှိသောရွာသူ/သားများက ကျေးရွာ၏ ရာသီအလိုက်ဖြစ်ပေါ်နေသော ရာသီဥတုများ၊ စိုက်ပျိုးသီးနှံများ စသော ကျေးရွာ၏ ဓလေ့ရိုးရာများကို သိရှိစေရန် 'ရာသီဥတုပြပြက္ခဒိန်' အားရေးဆွဲပါသည်၊ |
| ၃:၅၀ | ပြည့်ဖြိုးအောင် | ကျေးရွာတွင်နေထိုင်နေကြသော မိသားစုများ အဆင့်အတန်း သတ်မှတ်ပုံများ သိရှိစေရန် 'ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ခြင်း' များကို ဇယားဖြင့် ချမှတ်၍ ကျေးရွာသူ/သားများနှင့် အတူ ဆွေးနွေးပြီး ရေးဆွဲပါသည်။ |
| | နှင်းဆာနွယ်ဝေ | အမျိုးသားနှင့်အမျိုးသမီးများ၏ ထိန်းချုပ်ထားသောအရာများနှင့် သုံးစွဲနေသည့်အရာများကို သိရှိရန် 'လိင်ဆိုင် မှုသုံးသပ်ခြင်း' ဇယားများ ဆွဲကာ ကျေးရွာလူထုနှင့်အတူ ဆွေးနွေး ပြီး ရေးဆွဲပါသည်။ |
| ၄:၁၀ | ပြည့်ဖြိုးအောင် | ကျေးရွာတွင် ဖွဲ့စည်းထားသောအဖွဲ့များ သိရှိစေရန်နှင့် ကျေးရွာက မြင်မှလာရောက်ပြီး ကျေးရွာ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ပေးသော အဖွဲ့များကို သိရှိစေရန်အတွက် 'ဗင်း' ပုံစံ ဖြင့် ကျေးရွာလူထုနှင့်အတူ ဆွေးနွေးပြီး သုံးသပ်ရေးဆွဲပါသည်။ |
| | နှင်းဆာနွယ်ဝေ | အမျိုးသမီးများ၏ ရရှိနေသော အခွင့်အရေးများ အမျိုးသားနှင့် တူညီမှု ရှိ မရှိ ကို သိရှိစေရန် 'ပင့်ကူအိမ် သုံးသပ်ခြင်း' ပုံဆွဲပြီး အမျိုးသမီးများနှင့် ဆွေးနွေးပြီး ရေးဆွဲပါသည်။ |
| | ပြည့်ဖြိုးအောင် | အမျိုးသားများနှင့်အတူ ရရှိနေသောအခွင့်အရေးများ အမျိုးသမီးနှင့် နေထိုင်သည့်ပုံစံများ သိရှိစေရန် "ပင့်ကူအိမ်သုံးသပ်ခြင်း" ပုံဆွဲပြီး ဆွေးနွေးသုံးသပ်ပါသည်။ |

| | | |
|---|---|---|
| အစည်းအဝေးခေါင်းစဉ် | - | ဒုတိယအကြိမ်အစည်းအဝေး |
| ကျေးရွာအုပ်စု | - | မဟန်းလော့ |
| တက်ရောက်လာသည့်ကျေးရွာ | - | စလော်ဒီး၊ ကိုလိုထက် / အောက်၊ ရယ်ရှုဝယ် |
| ပြုလုပ်သည့်နေရာ | - | စလော်ဒီး |
| တက်ရောက်သူဦးရေ | - | ကျ + မ = ၁၄ + ၈ = ၂၂ |
| ရက်စွဲ | - | ၁၄.၃.၂၀၁၇ |

| အချိန် | ဆွေးနွေးသူ | အကြောင်းအရာ |
|---|---|---|
| ၉:၀၀ | ပြည့်ဖြိုးအောင် | ပထမအကြိမ်အစည်းအဝေး၌ လူထုဗဟိုပြုဖွံ့ဖြိုးမှုစီမံကိန်း၏ ရည်ရွယ်ချက်ကို အကျဉ်းချုပ် ပြန်လည်ပြောပြပါသည်။ PRA တွင် ဆွေးနွေးသည့် အကြောင်းအရာများ ကျေးရွာလူထုများအားလုံး တွေ့မြင်စေရန် ပြန်လည် တင်ပြပါသည်။ |
| ၉:၃၀ | ပြည့်ဖြိုးအောင် | အမျိုးသားများ ကြုံတွေ့နေရသော အခက်ခဲပြဿနာများ ဆွေးနွေးပါသည်။ |
| | နှင်းဆာနည်တွေး | အမျိုးသမီး ရင်ဆိုင်ကြုံတွေ့နေရသော အခက်ခဲပြဿနာများ ဆွေးနွေးပါသည်။ |
| ၁၀:၀၀ | ပြည့်ဖြိုးအောင် | အမျိုးသားများ ၎င်းတို့ကျေးရွာတွင် မျှော်မှန်းထားချက်များကို ဆွေးနွေးပါသည်။ |
| | နှင်းဆာနည်တွေး | အမျိုးသမီးများ၏ မျှော်မှန်းထားချက်များကို ဆက်လက်ဆွေးနွေးပါသည်။ |
| ၁၁:၀၀ | ပြည့်ဖြိုးအောင် | အမျိုးသားနှင့် အမျိုးသမီး များ (၄) နှစ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးပါသည်။ အမျိုးသားနှင့် အမျိုးသမီး များ တင်ပြထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို မဲပေး၍ ရွေးချယ်ခဲ့ရာမှ<br>(၁) မူကြိုကျောင်း ပြုပြင်တိုးချဲ့ပေးရန် (ကျ+မ)<br>(၂) ကျေးရွာလမ်း ပြုပြင်ပေးရန် (ကျ+မ)<br>(၃) ရေလှောင်ကန် တည်ဆောက်ပေးရန် (ကျ)<br>(၄) ဆိုင်ကယ်လမ်း ဖောက်လုပ်ပေးရန် (ကျ)<br>(၅) ရေကန်ခြံစည်းရိုး တည်ဆောက်ပေးရန် (မ)<br>(၆) သစ်သားတံတား တည်ဆောက်ပေးရန် နှင့် (ကျ)<br>(၇) ကျေးရွာဆေးပေးခန်း တည်ဆောက်ပေးရန် (ကျ+မ)<br>တို့ကို ရွေးချယ်ခဲ့ပါသည်။ |
| ၁၂:၀၀ | ပြည့်ဖြိုးအောင် | နေ့လယ်စာ စားရန် ခဏရပ်နားပြီး (၁) နာရီတွင် အစည်းအဝေး ပြန်စပြီး ကော်မတီရွေးချယ်ရန်အတွက် ရှိကြောင်း ပြောပြပါသည်။ |

| အချိန် | ဆွေးနွေးသူ | အကြောင်းအရာ |
| --- | --- | --- |
| ၁:၀၀ | နိုး ဇာနည်ထွေး | အစည်းအဝေး ပြန်စပါသည်။<br>ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့မှ ကျေးရွာစီထောက်ခံချက် ၄ ကို မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ပါသည်။ ကျေးရွာလူထု များ၏ မဲအများဆုံးရရှိသူမှာ<br>(က) ဦးစောဝေ<br>(ခ) နော်အားဘလူဝေး မှ ရွေးချယ်ရရှိခဲ့ပါသည်။<br>ဆက်လက်ပြီး ကျေးရွာဆောင့်ကြည့်ကြီးကြပ်ရေး ကော်မတီကို မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ပါသည်။ မဲအများဆုံးရရှိသူများမှာ<br>(က) ဦးစောဘားလာ<br>(ခ) ဒေါ်နော်နူးနူးဖော မှရွေးချယ်ရရှိ ပါသည်။<br>ကျေးရွာလည်ပတ်ထိန်းသိမ်းရေးကော်မတီကို မဲပေးစနစ်ဖြင့်ရွေးခဲ့ရာ မဲအများဆုံးရရှိသူများမှာ<br>(က) ဦးရွှေ<br>(ခ) ဒေါ်နော်များလေဖော မှရွေးချယ်ရရှိ ပါသည်။<br>ကျေးရွာဝယ်ယူရေးဆပ်ကော်မတီကို မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ရာမဲအများဆုံးရရှိသူများမှာ<br>(က) ဦးစောတာနူနူ<br>(ခ) ဒေါ်နော်ဖောနူးကူ မှမဲအများဆုံးဖြင့်ရွေးချယ်ရရှိပါသည်။<br>ကျေးရွာဝေဖန်အကြံပြုတိုင်ကြားရေးကော်မတီ ကို မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ရာ<br>(က) ဦးစောဦးဖိုး<br>(ခ) နော်ခရစ်စလေဖော မှ မဲအများဆုံး ဖြင့် ရွေးချယ်ရရှိပါသည်။<br>ကျေးရွာငွေစာရင်းကိုင်အား မဲပေးစနစ်ဖြင့်ရွေးချယ်ခဲ့ရာ<br>(က) ဒေါ်နော်ဟဲနူဖော မှ မဲအများဆုံးဖြင့်ရွေးချယ်ရရှိပါသည်။ |
| ၂:၀၀ | မြင့်ဖြိုးအောင် | VDP (ပါဝင်သည့်အချက်အလက်များ၊ အကျုံးဝင်စံနှုန်းများ၊ စီမံကိန်းတွင်ထောက်ပံ့ရမည့်အကာအကွယ်များ၊ စီမံကိန်း အကျုံးဝင်သည့် စာရင်းများနှင့်အကျုံးမဝင်သည့်စာရင်းများအား ကျေးရွာလူထုအား ရှင်းပြပါသည်။ |
| ၂:၃၀ | နိုး ဇာနည်ထွေး | ရှေ့ဆက်လုပ်ဆောင်ရမည့်အုပ်စုအစည်းအဝေးများ အဆင့်ဆင့်ကို ရှင်းပြပါသည်။ |
| ၃:၀၀ | မြင့်ဖြိုးအောင် | တက်ရောက်လာကြသော ကျေးရွာလူထုအား ကျေးဇူးတင်စကား ပြောကြားပြီး အုပ်စုအစည်းအဝေးသို့ တက်ရောက်ပါရန် ဖိတ်ကြားပြီး ဒုတိယ အကြိမ်အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါ သည်။ |

## ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ စစလက်ဦးကျေးရွာ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး နှင့်လမ်း/တံတား | ၁ | ရွာချင်းဆက်လမ်း ပြုပြင်တိုးချဲ့ခြင်း | (အမျိုးသား+ အမျိုးသမီး) | မတ်၊၂၀၁၇ | ကျေးရွာလူထု | |
| | ၂ | ဆိပ်ကမ်းတံတားဆောက်လုပ်ခြင်း | (အမျိုးသား+ အမျိုးသမီး) | မတ်၊၂၀၁၇ | ကျေးရွာလူထု | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| အသက်မွေးဝမ်းကြောင်းနှင့် စိုက်ပျိုးရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ကျန်းမာရေးနှင့် ရေရရှိရေး | ၁ | ရေလှောင်ကန်တည်ဆောက်ခြင်း | (အမျိုးသား) | မတ်၊၂၀၁၇ | ကျေးရွာလူထု | |
| | ၂ | ရေကန်ကြီးတစ်စင်း ပြုပြင်တိုးချဲ့ခြင်း | (အမျိုးသား+ အမျိုးသမီး) | မတ်၊၂၀၁၇ | ကျေးရွာလူထု | |
| | ၃ | ဆေးပေးခန်း တည်ဆောက်ခြင်း | (အမျိုးသား+ အမျိုးသမီး) | မတ်၊၂၀၁၇ | ကျေးရွာလူထု | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ပညာရေး | ၁ | မူကြိုကျောင်း ပြုပြင်တိုးချဲ့ခြင်း | (အမျိုးသား+ အမျိုးသမီး) | မတ်၊၂၀၁၇ | ကျေးရွာလူထု | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| အခြား | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |